**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၄ ရက် / KHRG မှတ်တမ်းလွှာအမှတ် # 20-71-I1

# မူတရော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ: တပ်မတော်စစ်သားများမှ ဒွယ်လိုးမြို့နယ်ရှိရွာသူတစ်ဦးအား ပစ်သတ်ခဲ့ပြီးနောက် သူမ၏လက်ဝတ်ရတနာများအား ခိုးယူခဲ့ခြင်း၊ ၂၀၂၀ ခုနှစ် ဇူလိုင်လ

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် မူတရော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ခူသူထအုပ်စု၊ ပိုးလိုးထကျေးရွာ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မှုခင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၉) ရှိ တပ်မတော်စစ်သားနှစ်ဦးသည် ရွာသူတစ်ဦးအား အနီးကပ် ပစ်သတ်ခဲ့ပြီး သူမကိုယ်ပေါ်တွင် တပ်ဆင်ထားသော လက်ဝတ်ရတနာများအား ခိုးယူခဲ့သည်။ သူမသည် သူမ၏ ခင်ပွန်းနှင့် ကလေးသုံးယောက်အား ထားရစ်ခဲ့ရသည်။*[1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | သတ်ဖြတ်မှုနှင့် လုယက်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒွယ်လိုးမြို့နယ်၊ ခူသူထကျေးရွာအုပ်စု၊ ပိုးလိုးထကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | နော်မုနော် |
| **အသက်** | ၃၈ |
| **ကျား/မ** | မ |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **ရာထူးအဆင့်** | ရွာသား |

[1] ဤအစီရင်ခံစာသည် ၂၀၂၀ ခုနှစ် ဇူလိုင်လတွင်ရရှိသော အကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတရော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထား ပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထား ခြင်း ဖြစ်သည်။

| | |
|---|---|
| **နေရပ် ရွာအမည်** | ပိုးလိုးထကျေးရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| ဟိန်းမင်း ထက် | စစ်သား | စကခ အမှတ် (၈)၊ ခမရ အမှတ် ၄၀၉ | ခူသူထစစ်တပ်စခန်း | စခန်းမှူး ကျော်ဝန၊ တပ်ရင်းမှူး လင်းလင်းထွဋ်၊ ဒုတပ်ရင်းမှူး လူမင်းဟန် |
| သန်းစိုး လွင် | စစ်သား | စကခ အမှတ် (၈)၊ ခမရ အမှတ် (၄၀၉) | ခူသူထစစ်တပ်စခန်း | စခန်းမှူး ကျော်ဝန၊ တပ်ရင်းမှူး လင်းလင်းထွဋ်၊ ဒုတပ်ရင်းမှူး လူမင်းဟန် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ သတင်းစုဆောင်းသူတစ်ဦးမှ ထိခိုက်နစ်နာသူ၏ ခင်ပွန်းနှင့် တူဖြစ်သူအား တွေ့ဆုံးမေးမြန်းမှုများပြုလုပ် ခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| သတင်းပေးသူများမှာ ထိခိုက်နစ်သူ၏ ဆွေမျိုးများဖြစ်သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ နေ့လည် ၁ နာရီအချိန်တွင် စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၈)၊ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၉) ၏ တပ်မတော်စစ်သားနှစ်ဦးမှ ဒွယ်လိုးမြို့နယ်၊ ခူသူထကျေးရွာအုပ်စု၊ ပိုးလိုးထကျေးရွာ ရွာသူတစ်ဦးဖြစ်သော နော်မုနော်အား ပစ်သတ်ခဲ့သည်။<br><br>ထိုစစ်သားနှစ်ဦးမှာ ခူသူထတပ်မတော်စစ်တပ်စခန်းအနီးတွင် အခြေစိုက်နေထိုင်သော ဟိန်းမင်းထက်နှင့် သန်စိုးလွင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဒုတပ်ရင်းမှူး လူမင်းဟန်၏ လက်အောက်တွင်ရှိသော စစ်သားများဖြစ်သည်။ မှုခင်းဖြစ်ပွားသည့်နေ့တွင် ၎င်းတို့နှစ်ဦးသည် (ထိုအမှုဖြစ်ပွားခဲ့သော) ရွာဘုန်းကြီးကျောင်းတွင် နေ့လည်စာစားခဲ့သည်။ ထို့နောက် ၎င်းတို့သည် ရွာထဲသို့ သွားရောက်ပြီး စောပူအေး၏ အိမ်နေရာကို |

မေးမြန်းခဲ့သည်။ ဒေသခံများမှ (စောပူအေး၏) အိမ်နေရာကို ပြောပြခဲ့သော်လည်း ရွာသားများမှ စောပူအေးအိမ်တွင် မရှိကြောင်း၊ သူသည် ၎င်း၏သားနှင့်သမီးကို ကျောင်းတက်ရန်အတွက် ဘီးလင်းမြို့ကို သွားနေပါသည်ဟုပြောခဲ့သည်။

စောပူအေးသည် မြန်မာအစိုးရ၏ ကျေးရွာလူကြီးဖြစ်ခဲ့ဘူးပြီး ယခုအချိန်တွင် သူ၏အိမ်တွင် ဈေးဆိုင်တည်ပြီးဈေးရောင်းနေသည်။ ၎င်း၏အိမ်သည် ရွာအစွန်း၊ တောင်ကုန်းအောက်ခြေ ပိုးလိုးချောင်းအနီးတွင် တည်ရှိသည်။ ထိုစစ်သားနှစ်ဦးသည် ဆိုင်သို့ရောက်ရှိပြီး ထိုင်၍အရက်သောက်နေခဲ့ကြသည်။ ရွာသားနှစ်ဦးလည်း ထိုစစ်သားနှစ်ဦး၏အရိပ်အခြေကို ဆိုင်ထဲတွင်စောင့်ကြည့်နေခဲ့ကြသည်။ ထိုစစ်သားနှစ်ဦးမှာ အရက်သောက်ပြီး ရွာမှပြန်သွားသည့်အတွက် ထိုရွာသားနှစ်ဦးမှာလည်း ၎င်းတို့၏ အိမ်သို့ပြန်သွားခဲ့ကြသည်။

တစ်ခဏအကြာတွင် ထိုစစ်သားနှစ်ဦးမှ ဆိုင်သို့ပြန်လာခဲ့ကြပြီး ဒညင်းသီးများပြန်ထည့်သွားရန်အတွက် ပလတ်စတစ် အိတ်တစ်လုံးကိုတောင်းခဲ့ကြသည်။ ထိုအချိန်တွင် နော်မုနော်ထံ အလည်လာနေသည့် စောပူအေး၏တူမသည်လည်း ဆိုင်ထဲတွင်ရှိနေသည့်အတွက် ထိုစစ်သားနှစ်ဦးသည် တစ်ခါပြန်သွားကြပြန်သည်။ ထိုတူမပြန်သွားသည့်နောက်ပိုင်းတွင် ၎င်းတို့နှစ်ဦးသည် အိမ်သို့တစ်ခါပြန်လာကြသည်။ အိမ်နီးချင်းများမှ နော်မုနော်၏ အော်သံနှင့် သေနတ်သံသုံးချက်ကို ကြားခဲ့ကြသည်။

ထိုစစ်သားနှစ်ဦးအနက် တစ်ဦးမှာ သူမကို ၎င်း၏ MA-1 [တပ်မတော်စစ်တပ်ထုတ် ရိုင်ဖယ်သေနတ်] နှင့် သုံးချက်ပစ်ခဲ့သည်။ သူမ၏အနောက်ဖက်ခြမ်းတွင် ကျည်နှစ်ချက်မှန်ခဲ့ပြီး သူမ၏ ပါးစပ်နှင့် ရင်ဘတ်အား ထိုးဖောက်ထွက်ခဲ့သည်။ နောက်တစ်ချက်မှာ သူမ၏ ဦးခေါင်းအနောက်ကို ထိမှန်ခဲ့ပြီး ထိုကျည်ဆန်မှာ သူမ၏ မျက်စိဘယ်ဘက်ခြမ်းမှတစ်ဆင့် ထိုးဖောက်ခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်အရ ဟိန်းမင်းထက်သည် နော်မုနော်ကို ပစ်သတ်သော သူဖြစ်သည်။ ထိုစစ်သားနှစ်ဦးမှာ ဆွဲကြိုးနှင့် သူမ၏နားတွင် ပန်ထားသော နားကပ်တစ်စုံကို ခိုးယူခဲ့ပြီးနောက် ၎င်းတို့သည် ရွာမှ ထွက်ပြေးခဲ့သည်။ ဒေသခံရွာသားတစ်ဦးဖြစ်သော စောတ---သည် ၎င်းစစ်သားနှစ်ဦးထွက်ပြေးခဲ့သည့်နောက်ပိုင်း ထိုပစ်သတ်မှုဖြစ်ပွားခဲ့သည့်နေရာကို ပထမဆုံးရောက်ရှိသော သူဖြစ်သည်။

နော်မုနော်သည် အသက် ၃၈ ရှိပြီးဖြစ်သည်။ သူမသည် သူမ၏ ခင်ပွန်းနှင့် သားသမီးသုံးဦးကို ထားရစ်ခဲ့သည်။ သူမ၏ အသက် ၁၈ နှစ်အရွယ် သမီးကြီး နော်ယ---သည် န၀မတန်းကို သထုံမြို့နယ်၊ မိုးကောင်းအုပ်စု၊ အ---ကျေးရွာ အထက်တန်းကျောင်းတွင် သင်ယူတက်ရောက်နေသည်။ သူမ၏ ၁၅ နှစ်အရွယ်ရှိ သားကြီး စောဗ---သည် ပဥ္စမတန်းကို ထိုကျောင်းတွင်ပင် တက်ရောက်နေခြင်းဖြစ်သည်။ သူမ၏သားငယ်မှာ ၁၂ နှစ်အရွယ်ရှိ စော၀---ဖြစ်သည်။ ထိုအမှုဖြစ်ပွားခဲ့သည့်နေ့တွင် သူသည် သူ၏ သူငယ်ချင်းများနှင့် ရွာထဲတွင် ဆော့နေသည်။

တပ်မတော်မှ ပြစ်မှုကျူးလွန်ခဲ့သူများအား တရားစွဲမည်ဟု ဆိုသည်။ KHRG သတင်းစုဆောင်းသူမှ စောပူအေးကို [ဇူလိုင်လ ၂၃ ရက်နေ့] တွင် ဆက်သွယ်ခဲ့သည့်အချိန်တွင် သူသည် ဘီးလင်းမြို့တွင် ရှိနေခဲ့ဆဲဖြစ်သည်။ ခမရ အမှတ် (၄၀၉) တပ်ရင်းမှူး လင်းလင်းထွဋ်မှ သူ့ကိုတရားစွဲဆိုသည့်နေရာတွင် သွားရောက်ပါ၀င်ခိုင်းခဲ့သည်။

ဤအစီရင်ခံစာကို မှုကြမ်းရေးနေချိန်တွင် ခမရ အမှတ် (၄၀၂) စစ်သားများနှင့် ခူသူထတပ်မတော် စစ်တပ်စခန်းရှိ ခမရ အမှတ် (၄၀၉) စစ်သားများတပ်ချိန်းနေချိန်ဖြစ်သည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။ |
| --- |
| သတင်းပေးသူမှ ဤအကြောင်းအရာအား ဖြန့်ဝေအသုံးပြုရန်အတွက် ခွင့်ပြု ခဲ့သည်။ |










ဤပုံများကို ဒွယ်လိုးမြို့နယ်၊ ခူသူထအုပ်စု၊ ပိုးလိုးထကျေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။
အထက်လက်ဝဲဘက်ရှိ ပုံကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် တပ်မတော်စစ်သားများ ပစ်သတ်ခဲ့သော နော်မုနော်၏ ခန္ဓာကိုယ်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။
အထက်လက်ယာဘက်ရှိ ပုံသည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် သဂြိုလ်ခဲ့သည့် သူမ၏ အသုဘကို ဖော်ပြထားခြင်းဖြစ်သည်။
လက်ဝဲဘက်ရှိ ပုံသည် နော်မုနော် အသက်ရှင်စဉ်တွင် ရိုက်ယူထားသော ပုံဖြစ်သည်။
*[ဓါတ်ပုံ-စောပူအေး နှင့် ဒေသခံရွာသားများ]*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။